# သာမန်ကာလ (၂၂)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၄း၁၊ ၇-၁၄

ယေရှုဘုရားရှင်က ဖါရီဇေဦးအကြီးအကဲတစ်ဦးရဲ့အိမ်မှာ ညစာစားဖို့ ကြွတော်မူတဲ့အခါ ဖိတ်ကြားခံရတဲ့ဧည့်သည်တွေက ဂုဏ်ရှိမည့်နေရာ ထိပ်ဆုံးနေရာ ရဖို့ မသိမသာလုထိုင်နေကြတာကို တွေ့တော်မူပါတယ်။ အဲလို ကိုယ့်အတွက်နေရာမဟုတ်ပဲ အတင်းဝင်ထိုင်နေမယ်ဆိုရင်တော့ ပွဲရှင်က သူ့ကို မလွဲမရှောင်သာ ပြောရပါတော့မယ်။ ဟုတ်တယ်လေ။ သူ့ထက် အရေးကြီးတဲ့လူအတွက် သီးသန့်ထားတဲ့နေရာဖြစ်နေလို့ သူ့ကို ဖယ်ခိုင်းရတော့မှာပါပဲ။ ဒီအခါ သူပဲ အရှက်ကွဲရပါလိမ့်မယ်။ ဒါကြောင့် ယေရှုဘုရားရှင်က မိမိကိုယ်ကို နှိမ့်ချပါ တဲ့။ ကိုယ့်အတွက်ထားတဲ့နေရာမှာပဲ နေပါ တဲ့။ နှိမ့်ချတဲ့သူက နှိမ့်ကျတဲ့နေရာကိုပဲ ယူတတ်ကြပါတယ်။ နိမ့်ကျတဲ့နေရာကို ယူလို့ သူက နိမ့်ကျတဲ့လူ ဖြစ်မသွားပါဘူး။ နှိမ့်ချတဲ့သူပဲ ဖြစ်နေပါလိမ့်မယ်။ လောကမှာလည်း လူအသီးသီးကို သူ့အရည်အချင်းအလိုက်၊ လုပ်နိုင်စွမ်းအလိုက် ဘုရားက နေရာချပါတယ်။ ကိုယ့်ဘက်က ဘုရားပေးတာဝန်ကို နှိမ့်ချစွာဖြင့် နာခံပါ။ ကိုယ်ကျရာနေရာမှာ အကောင်းဆုံးလုပ်ပါ။ အစေခံပါ။ ဘုရားကနေရာချတာမဟုတ်ပဲ ကိုယ့်ဖါသာကို ကြိုးစားပမ်းစား ရယူလို့ ရာထူးအာဏာရတာပဲဖြစ်ဖြစ်၊ အတင်းလုယူလို့ ရတာပဲဖြစ်ဖြစ် ရလာခဲ့တယ်ဆိုရင်တော့ ကိုယ်ပဲ **စိတ်ဆင်းရဲ**ရမယ်၊ ဘာ့လို့လဲဆိုတော့ ရယူထားတဲ့ရည်ရွယ်ချက်ကိုက ကိုယ့်အတွက်ပဲ ဖြစ်နေလို့လေ။

ဒါကြောင့် ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ဆီရပ်ကျမ်းစာ ၃ မှာ "ငါ့သား၊ သင်၏အရေးကိစ္စတို့ကို နှိမ့်ချခြင်းဖြင့် ဆောင်ရွက်လော့။ သင့်အား ဖြောင့်မတ်သူများက ချစ်ကြလိမ့်မည်။ သင်သည် ရာထူးအာဏာ မြင့်မားလာသည်နှင့်အမျှ မိမိကိုယ်ကိုမိမိ ပို၍နှိမ့်ချရန် လိုအပ်လာသည်။" တဲ့။ ကိုယ်ရတဲ့ရာထူးအာဏာက မြင့်လေလေ ကိုယ့်ကိုယ်ကို ပိုနှိမ့်ချစရာ လိုလာလေလေ ပဲ။ ဘာလို့လဲဆိုတော့ သူ လုပ်နေရတဲ့ရာထူးအာဏာက သူ့အတွက် ပေးထားတာ မဟုတ်ဘူး။ အများသူငှါ ကောင်းကျိုးကို ထိထိရောက်ရောက်လုပ်ပေးနိုင်ဖို့ ရာထူးအာဏာ ပေးထားတာ။ ဒါကို သူက ရာထူးအာဏာကို ကိုယ့်အတွက် အသုံးချနေရင် ဘုရားမကြိုက်ပါဘူး။ ဆက်ဖတ်ကြည့်မယ်ဆိုရင် "သို့မှသာ ဘုရားသခင်သည် သင့်ကို ပို၍ ကျေးဇူးပေးလိမ့်မည်။ သင် မစွမ်းဆောင်နိုင်သောအရာကို ရယူရန် မကြိုးစားလေနှင့်။ သင့်အရည်အချင်းနှင့် အလှမ်းမမီနိုင်သောအရာကိုလည်း မရှာဖွေလေနှင့်။" တဲ့။ ကိုယ့်နေရာ မဟုတ်ပဲ မယူချင်နဲ့။ ကိုယ့်မှာ လုပ်ဆောင်နိုင်တဲ့အရည်အချင်းကလည်း မရှိဘူး။

လူတွေ ထင်နေကြတာက ဒီရာထူး၊ ဒီအာဏာကို ငါက ရအောင်လုပ်ထားရတာ။ အခု ဒီရာထူး၊ ဒီအာဏာကို ငါရပြီ။ ငါရအောင်လုပ်ထားခဲ့ရတာ ဒါ ငါ့အတွက်ပေါ့ လို့ ထင်နေကြပါတယ်။ ဒါဟာ လောဘရမက်ပါပဲ။ ဒီရာထူးက သူဖြစ်သွားပြီ၊ ဒီအာဏာက သူဖြစ်သွားပြီလို့ မြင်နေကြပါတယ်။ ဒါကြောင့် ငါ့ရာထူး၊ ငါ့အာဏာ၊ ငါ့ဟာလို့ပဲ ထင်နေကြတယ်။ ဒီအာဏာအရ သူတပါးကို အကျိုးပြုရတော့မယ်ဆိုရင် သူတို့က ငါ့ဆီကအခွင့်အရေးတောင်းတာဖြစ်လို့ ငါ့ကို ပိုက်ဆံပေးမှ ငါပေးနိုင်မယ်ဆိုပြီး

လာဘ်ပေးလာဘ်ယူတွေ လုပ်လာကြပါတယ်။ "မှတ်ပုံတင်ရချင်ရင် ဘယ်လောက်ပေး၊ သက်တမ်းတိုးချင်ရင် ဘယ်လောက်ပေး၊ အိမ်ဆောက်ခွင့် ရချင်ရင် ဘယ်လောက်ပေး" စသဖြင့် ကိုယ့်ရာထူးအာဏာလို့ထင်ပြီး ရာထူးအာဏာကို အလွဲသုံးစားလုပ်ကြပါတယ်။ လူတိုင်း မွေးရာပါ ရရမည့်လူ့အခွင့်အရေးကို အခုတော့ ပိုက်ဆံပေးမှရသလို ဖြစ်လာကြပါတယ်။

ယေရှုဘုရားရှင် သွန်သင်ထားတာက "သင်တို့တွင် အကြီးအမှူးဖြစ်လိုသောသူသည် အားလုံး၏အစေခံ ဖြစ်ရမည်" တဲ့။ နောက်ပြီး ယေရှုဘုရားရှင် ကိုယ်တော်တိုင်ကလည်း ဒီလောကကို ဆင်းကြွလာတာက သူက သူတပါးတွေကို ခိုင်းဖို့ လာတာမဟုတ်ဘူး တဲ့။ **အစေခံဖို့လာတာ**လို့ မိန့်တော်မူပါတယ်။ ဒါကြောင့် ကိုယ်က ရာထူးအာဏာရလာတာလို့ မမြင်ရပါဘူး၊ **တာဝန်**ရလာတာလို့ပဲ မြင်ရပါမယ်။

လောကမှာ နေရာကောင်းရတယ်၊ မကောင်းတဲ့နေရာရတယ်လို့လည်း မမြင်သင့်ပါဘူး။ ကိုယ့်အရည်အချင်း၊ ကိုယ်နဲ့သင့်တော်ရာနေရာကို ကိုယ်ကရတာပဲလို့ မြင်သင့်ပါတယ်။ ဘုရားက နေရာချတယ်လို့ပဲ မြင်ပြီးတော့ ကိုယ့်တာဝန်ဝတ္တရားကို သစ္စာရှိရှိ ရိုးရိုးသားသား ကြိုးစားလုပ်ဖို့ပဲ လိုပါတယ်။ "ငါက နိမ့်ကျတဲ့အလုပ်ပဲ လုပ်ရတယ်။ သူက အဆင့်မြင့်တဲ့အလုပ် လုပ်ရတယ်" ဆိုပြီးလည်း မနာလိုစိတ် မရှိရပါဘူး။ ဘုရားက ဒီနေရာမှာ နေရာချရင် နိမ့်တဲ့နေရာဖြစ်ဖြစ်၊ မြင့်တဲ့နေရာဖြစ်ဖြစ် နာခံပါ။ သဘောရိုးရိုးထားပါ။ မြင့်တဲ့နေရာရလို့လည်း မာန်မတက်ပါနဲ့။ နိမ့်တဲ့နေရာရလို့လည်း မနာလို မဖြစ်ပါနဲ့။

ယေရှုဘုရားရှင်ကတော့ သဘောရိုးရိုးနဲ့ မိန့်တော်မူထားတာက "သင်တို့ဟာ ဖိတ်ကြားခြင်း ခံရတဲ့အခါ အနိမ့်ဆုံးနေရာမှာ အရင်သွားထိုင်ပါ" တဲ့။ တခါတုံးက ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးက အိမ်တစ်အိမ်က ဆုတောင်းပွဲ ကျင်းပလို့ သွားတာ၊ သူက သခင်ယေရှု မိန့်တော်မူတဲ့ညွှန်ကြားချက်အတိုင်း အဲဒီအိမ်မှာ အနိမ့်ဆုံးနေရာကို သွားပြီးထိုင်တယ် တဲ့။ အိမ်ရှင်က "ဟာ . . ကျောင်းထိုင်ဘုန်းတော်ကြီးဖြစ်ပြီး အခုလို လှေခါးထစ်မှာ ထိုင်နေတာ မသင့်တော်ပါဘူး" လို့ အတင်းဆွဲခေါ်လည်း ဘုန်းကြီးက မလိုက်ပါဘူး။ ဘာလို့လဲဆိုတော့ သခင်ယေရှု မိန့်တော်မူထားတဲ့အတိုင်း အနိမ့်မှာထိုင်နေတဲ့သူကို အိမ်ရှင်က "မိတ်ဆွေ၊ ပို၍ကောင်းသောနေရာသို့ ကြွပါ ဟု သင့်ကို ပြောလိမ့်မည်။ အဲဒီအခါ သင်သည် သူတပါးတွေရှေ့မှာ ဂုဏ်သရေရှိလိမ့်မည်၊ သူတပါးရှေ့မှာ အထင်ကြီးခံရလိမ့်မည်" တဲ့ ။ အခုမှပဲ စဉ်းစားမိတော့တယ် . . ဒီကျောင်းထိုင်ဘုန်းတော်ကြီးက အဲဒီလို ဆွဲခေါ်စေချင်လို့ လူအများရှေ့မှာ အထင်ကြီးခံချင်လို့ နိမ့်ကျတဲ့နေရာမှာ သွားထိုင်တာပါလား ။ ဟုတ်ပနော် သခင်ယေရှုကလည်း ဘယ်လိုများ သင်ထားတာပါလိမ့် ၊ ဒါကြောင့် ကျနော် စောစောက ပြောထားသလို သခင်ယေရှုကတော့ သဘောရိုးရိုးနဲ့ သင်ပေးထားတာပါပဲ။ သူကသာ သခင်ယေရှုသင်ပေးတဲ့နှိမ့်ချခြင်းကို ခုတုံးလုပ်ပြီး ကြွားနေတာလေ၊ သူ့ကိုသူ နှိမ့်ချကြောင်း အများရှေ့မှာ ပြနေတာလေ။ ဒါကြောင့် သခင်ယေရှုက သဘောရိုးရိုးနဲ့ သင်ပေးတဲ့နှိမ့်ချခြင်းကို ကျနော်တို့ကလည်း သဘောရိုးရိုးနဲ့ပဲ ကျင့်ကြံကြပါ။

လောကမှာ ဘယ်နေရာမှာပဲကျကျ သဘောရိုးရိုးနဲ့ ခံယူကြပါ။ ဘယ်သူပဲဖြစ်ဖြစ်၊

ဘာရာထူးအာဏာပဲရှိရှိ ဘုရားရှေ့မှာ အားလုံးက တန်းတူပါပဲ။ အားလုံးဟာ ဘုရားရှေ့မှာ အတူတူ တန်ဖိုးရှိကြတာပါပဲ။ လောကမှာတော့ တယောက်နဲ့တယောက်က အဆင့်အတန်း ရာထူးရာခံ မတူကြပါဘူး။ ဒါပေမဲ့ ဘာရာထူးပဲရှိရှိ ဘယ်လောက်ရုပ်ချောချော သေရင် အရိုးခြောက်ဖြစ်မှာပဲ။ ကောင်းကင်ဘုံကို ရောက်ကြတဲ့အခါ ကျနော်တို့အားလုံးကို ရဟန္တာတွေလို့ပဲ ခေါ်တော့မယ်၊ ဆရာတော် လို့ မခေါ်တော့ဘူး၊ ကာဒီနယ်လို့ မခေါ်တော့ဘူး။ ရဟန်းမင်းကြီး လို့ မခေါ်တော့ဘူး။ ဒါကြောင့် လောကမှာ ဆရာတော်အဖြစ် ခန့်ထားရင် ဘုရားခိုင်းတဲ့အတိုင်း နာခံပြီးလုပ်ဖို့ပဲ လိုတယ်။ ဘုန်းကြီးအဖြစ်ခန့်ထားရင် နာခံပြီး ကြိုးစားဖို့ပဲ လိုတယ်။ "ကိုယ်တော်၏အလိုတော်အတိုင်း ဖြစ်ပါစေ"။

ဘာသာသူတို့ လောကမှာ ကိုယ့်ခေါ်တော်မူခြင်းအတိုင်း လုပ်ငန်းမတူညီကြပေမဲ့၊ ရာထူးရာခံ မတူညီကြပေမဲ့ ခရစ်ယာန်တွေက အားလုံး တပြေးတညီတည်း ဘုရားရဲ့သားသမီးတွေ ဖြစ်နေပါပြီ၊ ကောင်းကင်ဘုံမှာ စာရင်းဝင်နေပါပြီ။ ဒီ့ထက်ပိုပြီး ဝမ်းသာစရာ ဘာရှိသေးသလဲ၊ ဘာများထပ်လိုချင်သေးသလဲ။ ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ဟေဗြဲဦးသြဝါဒစာမှာ "သင်တို့သည် ဇီအုန်တောင်သို့လည်းကောင်း၊ အသက်ရှင်တော်မူသောဘုရား၏မြို့တော်တည်းဟူသော ကောင်းကင်ဘုံရှိ ယေရုဆလင်မြို့တော်သို့လည်းကောင်း၊ ကောင်းကင်တမန်တော်များ စုဝေးရာသို့လည်းကောင်း၊ သင်တို့သည် ကောင်းကင်နိုင်ငံတော်သားအဖြစ် စာရင်းဝင်ထားသော ဘုရားသခင်၏သားဦးများ စုဝေးရာသို့လည်းကောင်း၊ စုံလင်ခြင်းသို့ ရောက်ရှိခဲ့ကြသော ဖြောင့်မတ်သောသူတို့၏ဝိညာဉ်များရှိရာနေရာသို့လည်းကောင်း ရောက်ရှိနေကြလေပြီ " တဲ့။

ဒါကြောင့် ဘာသာသူတို့ ဘုရားသခင်ရဲ့သားသမီးဖြစ်ရတာကို အမြဲ စိတ်ထဲမှာ သတိထားပြီး ဂုဏ်ယူပါ။ ဘုရားက ခေါ်တော်မူထားတဲ့အတိုင်း ကိုယ်ကျရာနေရာမှာ သစ္စာရှိရှိ မှန်မှန်ကန်ကန် ရိုးရိုးသားသားနဲ့ အစေခံကြပါစို့ ။ ကောင်းကင်ဘုံမှာ သင်တို့ဟာ ကောင်းကင်နိုင်ငံသားအဖြစ် စာရင်းဝင်ထားပြီးသား ဖြစ်နေပါပြီ။ နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။